မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
May 11, 2026 Volume 102 , Number 6

၁၁ ၅. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၁.၆၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၄.၃၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၅.၇၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၂၀.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၄.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၁ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ပတ်အတွင်း သီးနှံဈေးကွက်သုံးသပ်ချက်(၄-၅-၂၀၂၆ မှ ၈-၅-၂၀၂၆ အထိ)




### ပဲစင်းငုံ

အိန္ဒိယဝယ်လိုအားပျော့နေသည့် ပဲစင်းငုံမှာပြည်တွင်းဈေးအနည်းငယ်အတက်အကျရှိသော်လည်း ပြည်ပရောင်းချသည့် FOB ဈေးနှုန်းမှာ ငြိမ်နေသည်။ အိန္ဒိယနိုင်ငံအတွင်း သိုလှောင်ပဲစင်းငုံ လက်ကျန်များနေခြင်းနှင့် ၎င်းတို့ပြည်တွင်းစိုက် ပဲစင်းငုံအပေါ် ဝယ်လိုအား ပိုများနေခြင်းတို့ကြောင့် မြန်မာပဲစင်းငုံ CNF (Cost and Freight) ဈေးနှုန်းကျဆင်းလာကာ တစ်တန်လျှင် ဒေါ်လာ ၂၀ ခန့် ဈေးကျသွားသည်။

မြန်မာပဲစင်းငုံ CNF ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၄၀ မှ ၈၂၀ ဝန်းကျင်သို့ ကျဆင်းလာသလို အာဖရိကနိုင်ငံဖြစ်သည့် မိုဇမ်ဘစ်ပဲစင်းငုံမှာ တစ်တန်လျှင် ဒေါ်လာ ၆၃၅ မှ ၆၅၀ အကြား ဈေးဖွင့်ထားသည်။ မြန်မာနိုင်ငံဈေးကွက်တွင် ပဲစင်းငုံပြည်ပရောင်းဈေး (FOB ဈေး) မှာ ယခုရက်သတ္တပတ်တွင် ဈေးငြိမ်နေပြီး ပဲစင်းငုံ (2024–2025 Crop) တစ်တန်လျှင် ဒေါ်လာ ၇၄၀–၇၅၀၊ ပဲစင်းငုံ (2025–2026 Crop) တစ်တန်လျှင် ဒေါ်လာ ၇၇၀–၇၈၀ ဈေးဖွင့်ထားသည်။

ရန်ကုန်ဈေးကွက်အတွင်း ပဲစင်းငုံပြည်တွင်းဈေးမှာ အတက်အကျရှိနေပြီး တစ်တန်လျှင် ကျပ် ၃,၀၃၂,၀၀၀ မှ ၂,၉၉၇,၀၀၀ သို့ ကျဆင်းခဲ့သော်လည်း လက်ရှိတွင် ၃,၀၅၈,၀၀၀ ကျပ်သို့ ဈေးပြန်တက်လာသည်။ မန္တလေးဈေးကွက်တွင် ပဲစင်းငုံ (နီ) သစ်မှာ တစ်တန်လျှင် ကျပ် ၂,၈၇၅,၀၀၀ ကျော်မှ ၂,၈၅၀,၀၀၀ ကျော်သို့ ဈေးပြောင်းသွားသည်။

**မတ်ပဲ**

အိန္ဒိယဈေးကွက်သို့ အဓိကထားတင်ပို့နေသည့် မတ်ပဲမှာ ယခုရက်သတ္တပတ်တွင် ပြည်တွင်းဈေး အီနေသော်လည်း ပြည်ပရောင်းချသည့် FOB ဈေးနှုန်း ကျဆင်းလာသည်။ အိန္ဒိယဈေးကွက်အတွင်း စားသုံးသူဝယ်လိုအား လျော့နည်းမှုကြောင့် မြန်မာ မတ်ပဲ CNF ဈေးနှုန်းမှာ မတ်ပဲ FAQ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၂၀ နှင့် မတ်ပဲ SQ တစ်တန်လျှင် ၉၁၅ ဒေါ်လာ ဈေးဖွင့်ထားသည်။ ဘရာဇီးမတ်ပဲမှာမူ တစ်တန်လျှင် ဒေါ်လာ ၈၇၀ ဈေးပေါက်နေသည်။

ယခုရက်သတ္တပတ် မြန်မာ့ဈေးကွက်အတွင်း မတ်ပဲပြည်ပရောင်းချသည့် FOB ဈေးမှာ တစ်တန်လျှင် ၁၀ ဒေါ်လာခန့် ကျဆင်းလာပြီး မတ်ပဲ FAQ တစ်တန်လျှင် ဒေါ်လာ ၇၇၅-၇၈၅ နှင့် မတ်ပဲ SQ တစ်တန်လျှင် ၈၆၅-၈၇၅ ဒေါ်လာသို့ ဈေးပြောင်းသွားသည်။ မတ်ပဲပြည်တွင်းဈေးမှာလည်း FAQ တစ်တန်လျှင် ကျပ် ၃,၀၈၈,၀၀၀ မှ ၃,၀၈၉,၀၀၀ သို့လည်းကောင်း၊ SQ တစ်တန်လျှင် ကျပ် ၃,၄၂၀,၀၀၀ ကျော်မှ ၃,၄၃၀,၀၀၀ သို့လည်းကောင်း အသီးသီး ပြောင်းလဲသွားသည်။

**ပဲတီစိမ်း**

တရုတ်ကုန်သည်များ၏ ဝယ်လိုအား မျှော်လင့်ချက်ဖြင့် ဈေးဆက်တိုက်မြင့်တက်ခဲ့သော ပဲတီစိမ်းမှာ ယခုရက်သတ္တပတ်တွင် ဈေးငြိမ်နေသည်။ ဈေးကွက်အတွင်း ဈေးနှုန်းအပြောင်းအလဲ မရှိသော်လည်း နယ်မြို့အချို့တွင် တစ်တင်းလျှင် ကျပ် ၁၃၃,၀၀၀ အထိ ဈေးနှုန်းပြန်မာလာကြောင်း တောင်သူများက သုံးသပ်နေကြသည်။

ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် ပဲတီစိမ်း FOB ဈေးမှာ ပဲတီစိမ်း (အညာ) FAQ တစ်တန်လျှင် ဒေါ်လာ ၉၄၀-၉၅၀၊ ပဲတီစိမ်း (ရွှေဝါ) FAQ တစ်တန်လျှင် ၁၀၄၀-၁၀၅၀ ဒေါ်လာဖြင့် ဈေးငြိမ်နေသည်။ ပြည်တွင်းဈေးကွက်တွင်လည်း ပဲတီစိမ်း (အညာ) တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၆၀၂၀၊ ပဲတီစိမ်း (ရွှေဝါ) တစ်ပိဿာလျှင် ကျပ် ၆၆၆၅ နှင့် ပဲတီစိမ်း (ဝါးခယ်မ FAQ) တစ်ပိဿာလျှင် ကျပ် ၅၈၃၀-၅၈၅၀ ဖြင့် ဈေးငြိမ်နေသည်။ မန္တလေးဈေးကွက်တွင် ပဲတီစိမ်း (အညာ) သစ်မှာ တစ်တန်လျှင် ကျပ် ၄,၁၉၀,၀၀၀ ကျော်မှ ၄,၀၈၀,၀၀၀ ကျော်သို့ ဈေးအနည်းငယ် ကျဆင်းသွားသည်။

**ပြောင်း**

ပြည်ပသင်္ဘောတင်မှုများ ရှိနေခြင်းကြောင့် ရန်ကုန်ဈေးကွက်တွင် ပြောင်းဈေးတက်နေသော်လည်း မန္တလေးဈေးကွက်၌ ဈေးကျရိပ်သန်းနေသည်။ သင်္ကြန်အပြီး ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးလမ်းမကြီး ပြန်ဖွင့်မည့် သတင်းများနှင့်အတူ ပြောင်းဈေးများ ဆက်တိုက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် ပြောင်း FOB ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၂၆၅-၂၇၅ မှ ၂၇၀-၂၈၀ သို့လည်းကောင်း၊ ပြည်တွင်းဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၇၈၀-၁၈၀၀ မှ ၁၈၃၀-၁၈၅၀ သို့လည်းကောင်း ဈေးမြင့်တက်လာသည်။ မန္တလေးဈေးကွက်တွင်မူရှမ်းပြောင်းတစ်တန်လျှင်ကျပ် ၉၇၅,၀၀၀ ကျော်မှ ၉၆၃,၀၀၀ ကျော်သို့လည်းကောင်း၊ CP ပြောင်းသစ်မှာ ကျပ် ၁၀ သိန်းကျော်မှ ၉၈၆,၀၀၀ ကျော်သို့လည်းကောင်း ဈေးကျလာသော်လည်း ထွက်တိုးပြောင်း (နီ) မှာ တစ်တန်လျှင် ကျပ် ၁,၈၄၀,၀၀၀ ကျော်ဖြင့် ဈေးငြိမ်နေသည်။

**ကြက်သွန်နီ**

စားဖိုဆောင်သီးနှံ ကြက်သွန်နီမှာ ပြည်ပဝယ်လိုအား မျှော်လင့်ချက်လျော့ပါးလာခြင်းနှင့် ရန်ကုန်ဈေးကွက်သို့ ကုန်အဝင်ပုံမှန်ရှိနေခြင်းကြောင့်ပြည်တွင်းဈေးပျော့လာသည်။နိုင်ငံတကာဈေးကွက်တွင်အိန္ဒိယနှင့်ဈေးပြိုင်ရောင်းချရန်ခက်ခဲမှုနှင့် နယ်စပ်ကုန်သွယ်ရေး မချောမွေ့မှုများက ဈေးနှုန်းအပေါ် သက်ရောက်နေသည်။

ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ FOB ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၃၂၀ မှ ၄၃၅ အကြား ရှိနေသည်။ ပြည်တွင်းဈေး အနေဖြင့် ဆိတ်ဖြူ (ရှယ်) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ၂၂၅၀ သို့လည်းကောင်း၊ မုံရွာ (ရှယ်) မှာ ကျပ် ၂၄၅၀ မှ ၂၂၅၀ သို့ လည်းကောင်း ကျဆင်းလာပြီး မြင်းခြံ (ရှယ်) မှာ တစ်ပိဿာလျှင် ၂,၁၀၀ ကျပ် ဈေးဖွင့်ထားသည်။

**Source:** https://htwettoe.com/

## ထုတ်လုပ်မှုစရိတ်ကြောင့် ရေငန်ထွက်ကုန် ကျသွားနိုင်



ပင်လယ်ပြင်မှာ ငါးသယံဇာတ ရှားပါးလာတဲ့အပြင် အခုနှစ်မှာ ထုတ်လုပ်မှုစရိတ် မကိုက်ညီပါက ပင်လယ်ပြင်ဖမ်းဆီးရေး မထွက်နိုင်တာကြောင့် ရေငန်ထွက်ကုန် ကျသွားနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကနေ သိရပါတယ်။

ပြည်ပနိုင်ငံတွေမှာ မွေးမြူရေးကဏ္ဍကို ဦးစားပေးလုပ်ဆောင်လာတာတွေ့ရှိရပြီး ပြည်တွင်းမှာ ခေတ်မီမွေးမြူရေးဇုန်တွေ အများအပြားပေါ်ထွက်လာပါက ရေထွက်ကုန်ပြတ်လပ်မှုကို ကျော်လွှားနိုင်မယ်လို့ အသင်းတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

“ပြည်တွင်းမှာ ခေတ်မီမွေးမြူရေးဇုန်တွေ များများပေါ်လာရင် နိုင်ငံခြားဝင်ငွေပုံမှန် ရရှိလာမဲ့အပြင် ရေထွက်ကုန်ပြတ်လပ်မှုကိုလည်း ကျော်လွှားနိုင်မှာပါ၊ ခေတ်မီရေလုပ်ငန်း မွေးမြူရေးဇုန်တစ်ခု တည်ထောင်မယ်ဆိုရင် တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်း ၂၀၀ နီးပါး ရနိုင်ပါတယ်”လို့ ဆိုပါတယ်။


ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်မှာ ဧက ၃၀၀၀ ကျော်ရှိတဲ့ရေနက်ကွင်းမှာငါးတန်ကိုခေတ်မီနည်းပညာနဲ့ မွေးမြူထုတ်လုပ်လျက်ရှိပြီး အမေရိကန်၊ တရုတ်နိုင်ငံတို့နဲ့မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ စာချုပ်ချုပ်ဆိုထားကာ အခုနှစ်မှာ စတင် တင်ပို့ဖို့ ပြင်ဆင်လျက်ရှိပါတယ်။

မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံတွေဆီ ရေငန်ထွက်ကုန် ၇၀ ရာခိုင်နှုန်းနဲ့ ရေချိုထွက်ကုန် ၃၀ ရာခိုင်နှုန်း တင်ပို့လျက်ရှိကြောင်း ၂၀၂၃-၂၀၂၄ ရေလုပ်ငန်းထုတ်ကုန်စာရင်းဇယားတွေအရ သိရပါတယ်။

ဒီလိုတင်ပို့ရာမှာ ငါး/ပုစွန်တွေကို ဥရောပနိုင်ငံတွေအပါအဝင်နိုင်ငံပေါင်း ၄၂ နိုင်ငံဆီတင်ပို့လျက်ရှိကာ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်မက်ထရစ်တန်ချိန် ၅၂၂,၅၆၅ ဒသမ၈၁၄ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၂၉ ဒသမ၄၂၂ သန်း ရရှိခဲ့ပါတယ်။

**Source : BERV –Business**

## ဧရာဝတီတိုင်းဒေသကြီးရှိ အင်းများကို လေလံ/တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ပထမဆုံး ရောင်းချသွားမည်



ဧရာဝတီတိုင်းဒေသကြီးရှိ အင်းများကို လေလံ/တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်အတွက် ပထမဆုံးအကြိမ် ရောင်းချသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၁)၌ပြုလုပ်ခဲ့သည့် ဂရန်အင်း/တင်ဒါချက်များနှင့်ပတ်သက်၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးအချက်အလက်များအရသိရသည်။

လက်ရှိအချိန်၌ ဂရန်အင်း/တင်ဒါချက်များနှင့်ပတ်သက်၍ ယခင်လွှတ်တော်တွင် ပြဋ္ဌာန်းအတည်ပြုထားသည့် ရေချိုငါးလုပ်ငန်း ဥပဒေ၊ နည်းဥပဒေပါအတိုင်း တိတိကျကျဆောင်ရွက်သွားရန်လိုပြီး အင်းလုပ်ငန်းများသည် တိုင်းဒေသကြီးအတွက် ဘဏ္ဍာငွေများစွာ ရရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ အင်းလေလံပွဲများ ဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိပြီး စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ပြောကြားခဲ့သည်။

ထို့ကြောင့် (၂၀၂၆-၂၀၂၇)ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် ပုသိမ်ခရိုင်ရှိ ပုသိမ်/ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ရွှေသောင်ယံ မြို့နယ်များကို မေလ ၁၈ရက်နေ့၊ ကျုံပျော်ခရိုင်ရှိ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း မြို့နယ်များနှင့် မြန်အောင်ခရိုင်ရှိ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့ကို မေလ ၁၉ရက်နေ့၊ ဟင်္သာတခရိုင်ရှိ ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန် မြို့နယ်များကိုမေလ၂၀ရက်တို့တွင်လေလံရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

အလားတူ မြောင်းမြခရိုင်ရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များအတွက် မေလ ၂၁ရက်၊ မအူပင်ခရိုင်ရှိ မအူပင်၊ ဓနုဖြူ၊ ညောင်တုန်းမြို့နယ်များအတွက်မေလ ၂၅ရက်၊ ပန်းတနော်မြို့နယ်အတွက် မေလ ၂၆ရက်၊ လပွတ္တာခရိုင်ရှိ မော်လမြိုင်ကျွန်းအတွက် မေလ ၁၈ရက်၊ လပွတ္တာ၊ ပြင်စလူမြို့နယ်များအတွက် မေလ ၂၅ရက်တို့တွင် လေလံရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ဂရန်အင်း/ တင်ဒါချက်များနှင့်ပတ်သက်၍ မြေပြင်တွင် အငြင်းပွားမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိပြီး ၎င်းအခြေအနေများကို ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် သိရှိစေပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန်၊ အင်းလုပ်ငန်းများကြောင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို မထိခိုက်စေရန်လည်း ဂရုပြုဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်းဝန်ကြီးချုပ်ကထည့်သွင်းပြောကြားခဲ့သည်။

တိုင်းဒေသကြီး၏ ရေချိုငါးလုပ်ငန်းရေပြင်နှင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ငါးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး၊ တိုင်းဒေသကြီးက ရသင့်ရထိုက်သည့် အခွန်အခများရရှိစေရေး၊ ငါးသယံဇာတနှင့် ရေသယံဇာတများကို မျှတစွာခွဲဝေသုံးစွဲနိုင်စေရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ထပ်မံပြောကြားခဲ့သည်။

**Source :** https://www.npnewsmm.com/

## နတ်စောင့်ကျေးရွာမှတောင်သူများဆောင်း (ငရုတ်)စိုက်ပျိုးထားရှိမှု အကျိုးအမြတ်နှင့် ဈေးနှုန်းဈေးကွက်အခြေအနေ



တောင်သာမြို့နယ်သည် ဆည်ရေသောက်အသင့် အတင့်ရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး စားဖိုဆောင်အုပ်စုဝင် ဈေးကွက်ဝယ်လိုအားရှိသော ငရုတ်သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ တောင်သာမြို့နယ်၏ ဆောင်း (ငရုတ်) ကို နတ်စောင့်ရွာ၊ မာလာရွာ၊ ကြာပို့ရွာနှင့် ကြီးပင်တဲရွာတို့တွင် အများဆုံးစိုက်ပျိုးထားကြောင်း၊ ၂၀၂၆ခုနှစ်၊ မတ်လကုန်၌ ဆောင်းငရုတ်များ ခူးဆွတ်ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးသောမျိုးများမှာ အထွက်နှုန်းကောင်းပြီး အကြမ်းခံသော သာမိမျိုး၊ အာစတာ မျိုး၊ ဒီမွန်နှင့် ၆၉၂ မျိုးများများကို မြေဘောင်စနစ်ဖြင့်စိုက်ပျိုးကြောင်း၊ ၁ ဧကကုန်ကျစရိတ် အနေဖြင့်မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၁၇ သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ တစ်ဧက အထွက်နှုန်းအနေဖြင့် ငရုတ်အခြောက် ၁၅၀ ပိဿာခန့် ထွက်ရှိကြောင်း၊ ၂၀၂၆ခုနှစ်၊ ဧပြီလစတုတ္ထပတ်၌ ငရုတ်သီးအညှာပါ အခြောက်(၁)ပိဿာလျှင် ၁၈,၀၀၀ကျပ်၊ ငရုတ်သီးအညှာခြွေ ၁ ပိဿာလျှင် ၂၁,၀၀၀ ကျပ်ခန့် ပေါက်ဈေးများရှိကြောင်း၊ ငရုတ်သီးအစိုစတ်များပါက ဈေးနှုန်းအနည်းငယ်ကွာခြားကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ၁၀ သိန်းကျပ်ခန့်ရရှိကြောင်း၊နတ်စောင့်ကျေးရွာမှတောင်သူများမှာ ဆောင်း(ငရုတ်) စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ငရုတ်သီးများထွက်ပေါ်ချိန်တွင် တောင်သာမြို့ပေါ်ရှိပွဲရုံများသို့ တောင်သူများကိုယ်တိုင် လာရောက်ချကြကြောင်း၊ ထိုပွဲရုံများမှတစ်ဆင့် မန္တလေးမြို့နှင့်ရန်ကုန်မြို့ရှိဘုရင့်နောင်ပွဲရုံများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း ငရုတ်ပွဲရုံများမှ သိရသည်။

**Source : DOCA**(မန္တလေး)

## ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကုန်စိမ်းသီးနှံများ ကုန်စည်စီးဆင်းမှုအခြေအနေ

ပြောင်းသီးနှံမှာ ပြည်တွင်း/ပြည်ပ ဝယ်လိုအားများနေသဖြင့် ဈေးကောင်းရရှိနေပြီး ကြက်သွန်ဖြူသီးနှံမှာ ဈေးကွက်အဝင်နည်းနေသဖြင့် ဈေးနှုန်းမြင့်တက်လာပြီး အခါကြီးရက်ကြီးများတွင် ဝယ်လိုအားကောင်းနေသောကြောင့် ကုန်စည်စီးဆင်းမှုများနေသည်။

အာလူးသီးနှံမှာဈေးနှုန်းကျဆင်းနေပြီး ပြည်တွင်းဒေသစုံမှ ဝယ်လိုအားများရှိနေ၍ ကုန်စည်စီးဆင်းမှုများနေပြီး ချင်းတက်သီးနှံမှာ ဈေးငြိမ်နေသော်လည်း ပြည်တွင်းဈေးကွက် အသုံးများနေသောကြောင့် ကုန်စည်စီးဆင်းမှုများ ကောင်းနေကြောင်းနှင့် ယခုလတွင် ကုန်စိမ်းသီးနှံများမှာ ဈေးနှုန်းကျဆင်းလာသော်လည်း ကုန်စည်စီးဆင်းမှုမှာ ပြည်တွင်းဒေသစုံမှ အဝယ်ရှိနေကြောင်း သိရသည်။

**Source: အောင်ပန်းပွဲရုံများ Facebook Page**

https://myantrade.gov.mm/

## အမေရိကန်-အီရန်ဆွေးနွေးမှုများနှင့် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်များကို ရင်းနှီးမြှုပ်နှံသူများက စောင့်ကြည့်နေသဖြင့် ဒေါ်လာဈေးမှာတည်ငြိမ်လျက်ရှိ



ငွေကြေးရင်းနှီးမြှုပ်နှံသူများက အရှေ့အလယ်ပိုင်း စစ်ပွဲရပ်တန့်ရန် မျှော်လင့်ချက်နှင့် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်များကို စောင့်ကြည့်နေသဖြင့် ဒေါ်လာဈေးမှာ တည်ငြိမ်လျက်ရှိသည်။

ဂျပန်ယန်းသည် အမေရိကန် ၁ ဒေါ်လာလျှင် ၁၆၀ အောက်၌ ဆက်လက်တည်ရှိနေပြီး လေ့လာသုံးသပ်သူများက အမေရိကန်နှင့် အီရန်အကြား နျူကလီးယား သဘောတူညီချက်ရရှိပါက အီရန်အတွက် အပြောင်းအလဲမရှိသော်လည်း အမေရိကန်အတွက် နိုင်ငံရေးအရ နစ်နာနိုင်ကြောင်း၊ ပြီးခဲ့သည့် အတွေ့အကြုံအရ ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်မည်ဟုပြောအပြီး ၂၄ နာရီအတွင်း ပိတ်ပင်လိုက်ခြင်းကြောင့် နောက်ပိုင်းတွင် ဆွေးနွေးမှုရလဒ်များအပေါ် အယုံအကြည်နည်းနေကြကြောင်း Commerzbank မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မတ်လတွင် မြင့်တက်ခဲ့သော ဒေါ်လာဈေးသည် ယခုလ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်ရန် မျှော်လင့်ချက်များကြောင့် ဈေးကျနိုင်ခြေရှိသော်လည်း အမေရိကန် – အီရန် ဆွေးနွေးပွဲများ ယာယီ ရပ်တန့်မှုများအပြီး ဒေါ်လာဈေး ပြန်လည်တည်ငြိမ်လာခဲ့သည်။

ညှိနှိုင်းမှုများတွင် အီရန်ဘက်မှ စီးပွားရေးပိတ်ဆို့မှုများကို အမြန်ဆုံးရပ်တန့်စေလိုကြောင်း၊ Brent ရေနံစိမ်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၈ အထိ တက်နေကြောင်း၊ အမေရိကန်ဒေါ်လာ ညွှန်းကိန်းသည် အခြားပြိုင်ဘက် ငွေကြေးညွှန်းကိန်းများ နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းကြောင်း၊ အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းကို လက်ရှိအတိုင်းဆက်လက်ထားရှိရန် အလားအလာရှိနေကြောင်း၊ ယင်းအခြေအနေသည် ဒေါ်လာဈေးအတွက် အပြုသဘောဆောင်နိုင်ကြောင်း ING ဘဏ်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းအကြံပေးသူ Chris Turner က သုံးသပ်ပြောကြားခဲ့သည်။

ဧပြီလအစောပိုင်း အပစ်အခတ်ရပ်စဲရေးကြေညာချက် ထွက်ပေါ်လာပြီးနောက် ယူရိုငွေတန်ဖိုးမှာ ၁ ယူရိုလျှင် အမေရိကန် ၁ ဒသမ ၁၅ ဒေါ်လာ မှ ၁ ဒသမ ၁၈ ဒေါ်လာထိ သုည ဒသမ ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အမေရိကန်သည် ဥရောပနှင့်

ဂျပန်ကဲ့သို့ရေနံတင်သွင်းမှုကိုအဓိကမှီခိုနေရခြင်းမရှိသောကြောင့် ရေနံဈေးနှုန်း မြင့်တက်မှုဆိုးကျိုးကိုနည်းပါးစွာခံစားနေရသည်။ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန်တင်းကျပ်သော ငွေကြေးမူဝါဒကို ကျင့်သုံးနိုင်ကြောင်းနှင့် ဗဟိုဘဏ်ကလည်း ယခု အတိုးနှုန်းကို ဆက်လက်ထားရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ဂျပန်ဗဟိုဘဏ်ကလည်း အတိုးနှုန်းကို တည်ငြိမ်စေရန် ကြိုးပမ်းနေပြီး ဖွန်လလောက်မှ မြှင့်မည်ဟု ခန့်မှန်းကြောင်း၊ ဂျပန်ယန်းငွေသည် အမေရိကန် ၁ ဒေါ်လာလျှင် ၁၅၉ ဒသမ၁၇ယန်းဖြင့် သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ လေ့လာသုံးသပ်သူများ ဂျပန်ငွေဈေး ပြန်လည်မြှင့်တင်ရန် အစိုးရမှ ငွေကြေးဈေးကွက်၌ ဝင်ရောက်စွက်ဖက်သင့်ကြောင်း အကြံပြုထားပြီး ငွေကြေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့် Allianz Global Investors ကအတိုးနှုန်းပြန်လည်မြှင့်တင်ရေးမှာ ပထဝီနိုင်ငံရေးတည်ငြိမ်မှုအပေါ် မူတည်ကြောင်း၊ ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ပြန်လည်ကူးသန်းသွားလာနိုင်ပါက အတိုးနှုန်းမြှင့်တင်မှုများမှာ လာမည့်နွေရာသီရောက်မှ ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

**Source : https://www.thestar.com**

## ထိုင်းနှင့်ဗီယက်နမ်ရှိ စပါးစိုက်တောင်သူများက စိုက်ပျိုးမှုကို ရပ်ဆိုင်းနိုင်ခြေရှိ

ဗီယက်နမ်လယ်သမားအချို့သည် ယခုနှစ်တွင် ဒီဇယ်ဈေး ၂ ဆတက်ခြင်းနှင့် အခြားကုန်စည်များ ဈေးတက်ခြင်းတို့ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် သိသိသာသာ မြင့်မားခဲ့ပြီး ဆန်ဝယ်ဈေးမှာမူ ၂၀၂၅ ခုနှစ်က ဈေးကိုသာပေးသဖြင့် လာမည့်သီးနှံစိုက်ကာလတွင် စပါးစိုက်မည်မထင်ကြောင်း ဗီယက်နမ်လယ်သမား Mr Nguyen Thanh Giang က The Strait Times သို့ ပြောကြားခဲ့သည်။

ထိုင်းဆန်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ Mr Chookiat Ophaswongse က ထိုင်းလယ်သမားများသည်လည်း အလားတူ ဖိအားများခံစားနေရကြောင်း၊ ထိုင်းနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ဆန် တန်ချိန် ၇ သန်း တင်ပို့ရန်ရည်မှန်းထားသော်လည်း အရှေ့အလယ်ပိုင်း အရေးအခင်းကြောင့် လောင်စာဆီဈေးနှုန်းကြီးမြင့်ခြင်းနှင့် စီးပွားရေးမတည်ငြိမ်မှုများက ရောင်းလိုအားတွင် အနှောင့်အယှက်များဖြစ်ခဲ့ကြောင်း၊ အီရတ်သည် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၁ သန်းခန့် ဝယ်ယူခဲ့သော်လည်း ယခုနှစ်တွင် ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့မှုကြောင့် လုံးဝမရောင်းချရသေးကြောင်း၊ ထို့ကြောင့် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စသည့်နိုင်ငံများသို့ အစားထိုးရောင်းချသွားရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ် စားသောက်ကုန်အသင်းဥက္ကဋ္ဌ Mr Do Ha Nam က ဗီယက်နမ်သည် တရုတ်နှင့်ဖိလစ်ပိုင်ကဲ့သို့ အနီးပတ်ဝန်းကျင်ဈေးကွက်များကိုသာ ရောင်းချနေရာ ထိခိုက်မှုမသိသာသေးကြောင်း၊ သို့သော် ဗီယက်နမ်ဆန်တင်ပို့မှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်ဝယ်ယူနေသော ဖိလစ်ပိုင်နိုင်ငံမှာ အရှေ့အလယ်ပိုင်းအရေးကြောင့် ထောက်ပံ့ပို့ဆောင်ရေးစရိတ်များ ကြီးမြင့်နေပြီဖြစ်ရာ ဆန်ဝယ်ဈေးအပေါ်ထိခိုက်လာပါကဆန်အစားထိုး အခြားသီးနှံစိုက်ပျိုးမှုများပြောင်းလာနိုင်ကြောင်း ပြောကြား ခဲ့သည်။

ဗီယက်နမ်ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ Red Wolf Global က ဗီယက်နမ်ဆန်ကို မဲခေါင်မြစ်ဝှန်းမှ ဟိုချီမင်းဆိပ်ကမ်းသို့ ရေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်လေ့ရှိပြီး ယခုအခါ သင်္ဘောတင်ခမှာ အာမခံပရီမီယံကြေး၊ ကုန်းတွင်းပိုင်း သယ်ယူပို့ဆောင်စရိတ်များကြောင့် ဆန်တစ်တန်လျှင်၂၅ ရာခိုင်နှုန်း မှ ၃၅ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၀ Cent မှ ၁ ဒသမ၂ ဒေါ်လာသို့တက်သွားကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်သည် ၂၀၂၅ ခုနှစ်အတွက် အရန်ဆန် တန်ချိန် ၅ သိန်းနှင့် ၂၀၂၆ ခုနှစ်အတွက် တန်ချိန် ၄ သိန်း ၂ သောင်း သတ်မှတ်ထားကြောင်း၊ ယခုကဲ့သို့ အမြတ်အစွန်းနည်းပါးသဖြင့် တောင်သူများက စပါးအစား အခြားသီးနှံစိုက်ပျိုးပါက လာမည့်နှစ်များအတွက် ဆန်ရောင်းလိုအားတွင် သိသိသာသာ အကျိုးသက်ရောက်မည်ဖြစ်ရာ ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းရန်နှင့် ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သူအဖြစ် ဆက်လက်ရပ်တည်နိုင်ရန် ပို့ကုန်မူဝါဒများကို ချိန်ညှိရန်လိုအပ်ကြောင်း၊ လက်ရှိတွင်

ဗီယက်နမ် ဆန်ကွဲ ၅ ရာခိုင်နှုန်း ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၀ နှင့် အခြားအထူးဆန်အမျိုးအစားများကို အမေရိကန်ဒေါ်လာ ၆၃၀ ထိရောင်းချနေကြောင်း၊ ခေတ်မီနည်းပညာအသုံးချပါက အလုပ်သမားစရိတ်နှင့် အခြားစရိတ်များ လျှော့ချနိုင်ကြောင်း၊ လယ်သမားများအနေဖြင့် ဆန်ကိုလျှော့ထုတ်၍ ဈေးကောင်းဖြင့် ရောင်းချနိုင်မည့်အချိန်ကို စောင့်မည်ဖြစ်ကြောင်း ထိုင်းလယ်သမား Boontham Khlaiphueak က ပြောကြားခဲ့ကြောင်း Asia News Network က ဖော်ပြထားသည်။

**Source :** https://asianews.network/

## STOCK EXCHANGE (11.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th May. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,220 (Shares) | 38,602,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,500 | +0 | +0.00% | 13,500 | 14,000 | 13,000 | 569 | 7,719,500 | 33,109,694 | 446,981 |
| MTSH | 00002 | 6,300 | +0 | +0.00% | 6,300 | 6,300 | 6,300 | 3,200 | 20,160,000 | 38,929,150 | 245,254 |
| MCB | 00003 | 9,500 | +0 | +0.00% | 9,500 | 9,500 | 9,500 | 10 | 95,000 | 10,400,986 | 98,809 |
| FPB | 00004 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,300 | 354 | 1,522,200 | 31,144,738 | 133,922 |
| TMH | 00005 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,250 | 23 | 74,750 | 12,823,224 | 41,676 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,750 | 1,800 | 1,750 | 4,991 | 8,734,300 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | -50 | -1.25% | 3,950 | 3,950 | 3,950 | 15 | 59,250 | 10,497,598 | 41,466 |
| MAEX | 00008 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 58 | 237,800 | 23,804,946 | 97,600 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 11th May. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 601.34 | -0.47 | -0.08% | 601.00 | 610.60 | 592.61 | 9,220 | 38,602,800 | 8 | 1,140,668 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th May, 2026

| Trading Volume | Trading Value |
|---|---|
| 10,062 (Shares) | 48,982,600 (MMK) |

## Main Board

As of 1:00 pm, 11th May, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,220 (Shares) | 38,602,800 (MMK) |

| MYANPIX | 601.34 ▼0.47 |
|---|---|
| Total Volume (shares) | 9,220 |
| Total Value (MMK) | 39 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,140,668 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▲0 |
| MTSH | 00002 | 6,300 | ▲0 |
| MCB | 00003 | 9,500 | ▲0 |
| FPB | 00004 | 4,300 | ▲0 |
| TMH | 00005 | 3,250 | ▲50 |
| EFR | 00006 | 1,750 | ▼50 |
| AMATA | 00007 | 3,950 | ▼50 |
| MAEX | 00008 | 4,100 | ▲0 |

TIR

TIR